ပထမ ပုဂ္ဂလိက ဘဏ် လီမိတက်
FIRST PRIVATE BANK LIMITED
No. 619 ~ 621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP. YANGON. UNION OF MYANMAR.
TELEPHONE : 095 1 376 451 ~ 452 / 378 268 ~ 269. 095 1 251 748 ~ 749 / 246 786.
FAX : 095 -1- 242 320 / 250 148 / 251 747.
Website : www.firstprivatebank.com.mm
e-mail : fpbho.ygn@gmail.com, hofirst.private@gmail.com fpbbank@myanmar.com.mm

# အစုရှယ်ယာရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများအား အသိပေးကြေညာခြင်း

၁။ ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၁၀)ကြိမ်မြောက် အထူးအစည်းအဝေးနှင့် အကြိမ်(၃၀)မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးမှ ရွေးချယ်တင်မြှောက်ခဲ့သော ဒါရိုက်တာများအား ဒါရိုက်တာအဖွဲ့အသစ်အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

| | |
|---|---|
| (၁) ဒေါက်တာတင်ဝင်း | (ဒါရိုက်တာ) |
| (၂) ဒေါ်လှလှဝင်း | (အမှုဆောင်ဒါရိုက်တာ) |
| (၃) ဦးမြင့်လွင် | (ဒါရိုက်တာ) |
| (၄) ဒေါက်တာတင်ကြည် | (ဒါရိုက်တာ) |
| (၅) ဦးမျိုးထွန်း | (ဒါရိုက်တာ) |
| (၆) ဦးထင်အောင်ကျော်ဦး | (ဒါရိုက်တာ) |
| (၇) ဦးသိန်းမြင့် | (ဒါရိုက်တာ) |
| (၈) ဒေါ်လှလှရီ | (ဒါရိုက်တာ) |
| (၉) ဦးသိန်းလွင် | (ဒါရိုက်တာ) |
| (၁၀) ဦးလဆန် | (ဒါရိုက်တာ) |
| (၁၁) ဦးကပ်ခင်းပေါင် | (သီးခြားလွတ်လပ်သောဒါရိုက်တာ) |
| (၁၂) ဒေါ်ရီရီလွင် | (သီးခြားလွတ်လပ်သောဒါရိုက်တာ) |
| (၁၃) ဦးမြင့်ဇော် | (အမှုဆောင်အရာရှိချုပ်) |

၂။ ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၁၅-၁-၂၀၂၂)ရက်နေ့တွင် ကျင်းပသော (၁/၂၀၂၂)ကြိမ်မြောက် ဒါရိုက်တာအဖွဲ့ အထူးအစည်းအဝေးမှ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌအဖြစ် ဒေါက်တာတင်ဝင်းအား ရွေးချယ်တင်မြှောက်ခဲ့ပြီး ဒေါ်လှလှဝင်းအား အမှုဆောင်ဒါရိုက်တာအဖြစ် ရွေးချယ်ခဲ့ကြပါသည်။

၃။ ဒါရိုက်တာအဖွဲ့ဝင်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ (၂၁-၁-၂၀၂၂)ရက်နေ့တွင် အစီရင်ခံတင်ပြထားပါသည်။

၄။ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတင်ဝင်းသည် မဟာဝါဏိဇ္ဇဘွဲ့အား ၁၉၉၂ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ရရှိခဲ့ပြီး Ph.D (Manangement and Accounting ) ကို ဂျပန်နိုင်ငံ Keio University မှ ၂၀၀၀ခုနှစ်တွင်ရရှိခဲ့ပါသည်။ မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် ပါမောက္ခချုပ်ရာထူးဖြင့် ၂၀၁၄ခုနှစ်မှ ၂၀၁၈ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် ပါမောက္ခချုပ်ရာထူးဖြင့် ၂၀၁၈ခုနှစ်မှ ၂၀၂၁ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ပထမပုဂ္ဂလိကဘဏ်လီမိတက်တွင် (Independent Director) အဖြစ်လည်းကောင်း၊ မြင်သာစက်မှုမြို့တော်အများပိုင်ကုမ္ပဏီတွင် (Board of Governance)၊ ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များ အများပိုင်ကုမ္ပဏီတွင် (Independent Director) အဖြစ်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဒေါက်တာတင်ဝင်းရေးသားထုတ်ဝေခဲ့သော "အဖွဲ့အစည်းတစ်ခုကို ပြောင်းလဲခြင်း" စာအုပ်သည် ဦးဝင်းတင်ဖောင်ဒေးရှင်းမှ ချီးမြှင့်သော စာပေဆု ရရှိခဲ့ပါသည်။

၅။ ဒေါက်တာတင်ဝင်းဦးဆောင်သော ဒါရိုက်တာအဖွဲ့သည် ပထမပုဂ္ဂလိကဘဏ်ကြီး ပိုမိုတိုးတက်အောင်မြင်စေရန် နှင့် ကျစ်လစ်တောင့်တင်းခိုင်မာ၍ အများပြည်သူယုံကြည်စိတ်ချရသော ဘဏ်ကြီးတစ်ခုအဖြစ် ဦးစားပေးဆောင်ရွက်မည် ဖြစ်ပါကြောင်းအစုရှင်များနှင့်ရင်းနှီးမြှုပ်နှံသူများအား အသိပေးအကြောင်းကြားအပ်ပါသည်။

၆။ ပထမပုဂ္ဂလိကဘဏ်လီမိတက် ဥက္ကဋ္ဌ ဒေါက်တာတင်ဝင်း၏ နှုတ်ခွန်းဆက်သဝဏ်လွှာအား firstprivatebamk.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ဒါရိုက်တာအဖွဲ့
ပထမပုဂ္ဂလိကဘဏ်လီမိတက်